**တရားစွဲဆိုမှု အတားအဆီးဖြစ်စေခြင်း**

၁၉။ (က) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ထမ်းဆောင်နေသော စုံစမ်းစစ်ဆေးရေးမှူး သို့မဟုတ် တာဝန်ထမ်းဆောင်နေသူ တစ်ဦးဦးကို အခြားသူများမှ ဟန့်တားနှောင့်ယှက်ခြင်းမရှိစေရ၊

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးမှုပြုလုပ်နေသော စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးဦးက ဆင့်ခေါ်ရာတွင် လုံလောက်သောအကြောင်းပြချက်မရှိဘဲ လာရောက်ရန်မပျက်ကွက်စေရ။

**စုံစမ်းစစ်ဆေးခြင်း၊ တရားစီရင်ခြင်း**

၂၀။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနမှ စုံစမ်းစစ်ဆေးပြီးသည့် မတော်တဆမှု သို့မဟုတ် စုံစမ်းနေသည့်မတော်တဆမှု သို့မဟုတ် စုံစမ်းစစ်ဆေးမည့်မတော်တဆမှုများအတွက်အခြားမည်သည့်ဌာနကမျှ ဤနည်းဥပဒေကိုအသုံးပြု၍ စုံစမ်းစစ်ဆေးခြင်းမပြုလုပ်ရ။ ဤနည်းဥပဒေ ၂၀ သည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ-

(က) ဤနည်းဥပဒေ ပြဋ္ဌာန်းချက်များမှလွဲ၍ လေယာဉ်မတော်တဆထိခိုက်မှုကို မြန်မာနိုင်ငံသက်ဆိုင်ရာ ဌာနတစ်ခုခုမှ စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်သည်၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အာဏာအပ်နှင်းခံရသည့် သက်ဆိုင်ရာဌာနတစ်ခုခုမှ လေယာဉ်မတော်တဆထိခိုက်မှုကို ၎င်းတို့၏ ရည်ရွယ်ချက်အတိုင်း စုံစမ်းစစ်ဆေးရေးပြုလုပ်နိုင်သည်။

၂၁။ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သော စုံစမ်းစစ်ဆေးမှုများအတွက် ဤလေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသည်-

(က) စုံစမ်းစစ်ဆေးရေးနှင့် သက်ဆိုင်သော အပျက်အစီး၊ ပစ္စည်းများအပါအဝင် မတော်တဆဖြစ်ပွားရာနေရာသို့ အတားအဆီးမရှိဝင်ရောက်ခွင့်ရှိသည်၊

(ခ) လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်စက်၊ လေကြောင်းထိန်းလုပ်ငန်းမှတ်တမ်းတင်စက်၊ လေကြောင်းထိန်းမှတ်တမ်းများ အပါအဝင် လေယာဉ်အပျက်အစီး၊ အခြားသက်ဆိုင်သည့်ပစ္စည်းများနှင့် ပတ်သက်၍ အတားအဆီးမရှိ ရယူခွင့်နှင့် ထိန်းသိမ်းခွင့်ရှိသည်၊

(ဂ) အပျက်အစီးနှင့်ပတ်သက်၍ အသေးစိတ်စစ်ဆေးမှုများပြုလုပ်နိုင်ရန် ကြန့်ကြာမှု မရှိဘဲ အတားအဆီးမဲ့ထိန်းသိမ်းနိုင်သည်၊

(ဃ) စုံစမ်းစစ်ဆေးရေးကာလတစ်ခုလုံးအတွက် လေယာဉ်နှင့်သက်ဆိုင်သည့် ပစ္စည်းများကို ထိန်းသိမ်းနိုင်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်သည်၊

(င) စုံစမ်းစစ်ဆေးရေးအတွက် မလိုအပ်တော့သည့်အခါ ထိန်းသိမ်းထားသောလေယာဉ်၊ လေယာဉ်အစိတ်အပိုင်း၊ မတော်တဆ ဖြစ်သည့်နေရာတို့ကို ပြန်လည်စွန့်လွှတ်ရမည်၊

(စ) စုံစမ်းစစ်ဆေးရေးမှူးက သင့်တော်သည်ဟု ထင်မြင်ပါက သက်သေထွက်ဆိုချက်ကို လူအများထံမှ ရယူနိုင်သည်။

**ပြည်ပစုံစမ်းစစ်ဆေးခြင်း**

၂၂။ မြန်မာနိုင်ငံပြင်ပတွင်ဖြစ်သော ကြီးမားသောမတော်တဆထိခိုက်မှု သို့မဟုတ် ပြင်းထန်သော မတော်တဆဖြစ်ပွားမှုဖြစ်ကြောင်းကို လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသို့ အကြောင်းကြားသောအခါ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အကြောင်းကြားခြင်းကို လက်ခံရရှိပါက လက်ခံရရှိကြောင်း ပြန်ကြားရမည်၊

(ခ) အကြောင်းကြားသောနိုင်ငံအား အောက်ဖော်ပြပါအချက်များကို အမြန်ဆုံးအကြောင်း ပြန်ကြားပေးရမည်-

(၁) မတော်တဆထိခိုက်မှုတွင်ပါဝင်သော လေယာဉ်၊ လေယာဉ်အမှုထမ်းတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊

(၂) မြန်မာနိုင်ငံသည် လေယာဉ်လုပ်ငန်းဆောင်ရွက်သူ နိုင်ငံဖြစ်လျှင် လေယာဉ်ပေါ်တွင် တင်ဆောင်ထားသော ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းသတင်း အချက်အလက်အသေးစိတ်၊

(ဂ) အကြောင်းကြားသောနိုင်ငံအား အောက်ပါအတိုင်းသတင်းပေးရမည်-

(၁) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနအနေဖြင့် ဥပဒေကြောင်းအရ အသိအမှတ်ပြု ကိုယ်စားလှယ်စေလွှတ်ရန်ရှိ၊ မရှိ၊

(၂) ဥပဒေကြောင်းအရ အသိအမှတ်ပြုကိုယ်စားလှယ် စေလွှတ်မည်ဆိုပါက ထိုသူ၏ ဆက်သွယ်ရန်လိပ်စာ၊ ခန့်မှန်းရောက်ရှိမည့်နေ့တို့ကို အသေးစိတ် ဖော်ပြပေးရမည်၊

(ဃ) စုံစမ်းစစ်ဆေးမှုပြုလုပ်နေသောနိုင်ငံက အသိအမှတ်ပြု ကိုယ်စားလှယ်ခန့်ရန် မေတ္တာရပ်ခံခြင်း သို့မဟုတ် ပြင်းထန်သောမတော်တဆဖြစ်ပွားမှုတွင် လေယာဉ်၏အမြင့်ဆုံးအလေးချိန်သည် (၂၂၅၀) ကီလိုဂရမ် ကျော်လွန်ပါက ကိုယ်စားလှယ်ကိုခန့်အပ်ရမည်။

**လေ့လာသူများ၊ ပါဝင်ဆောင်ရွက်သူများ၊ အသိအမှတ်ပြု ကိုယ်စားလှယ်များ**

၂၃။ အစိုးရဌာနတစ်ခုခုအနေဖြင့် စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်၍ တိုက်ရိုက်စိတ်ဝင်စားမှုရှိလျှင် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ လေ့လာသူအဖြစ်ခန့်လျှင် လေယာဉ်မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးဌာနအနေဖြင့် လေ့လာသူအဖြစ်ခန့်အပ်နိုင်သည်။

၂၄။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာန၏ ထင်မြင်ယူဆချက်အရ တစ်ဦးတစ်ယောက်သောသူသည် ဌာန၏အခွင့်အာဏာရရှိရေးကို လုပ်ဆောင်ပေးနိုင်လျှင် မည်သည့်အခြေအနေမျိုးတွင်မဆို ထိုသူအားပါဝင်ဆောင်ရွက်သူအဖြစ် ခန့်အပ်နိုင်သည်။

၂၅။ ချီကာဂိုကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ-၁၃ အရ၊ လေယာဉ်မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးဌာနက စုံစမ်းစစ်ဆေးမှုပြုလုပ်သော စုံစမ်းစစ်ဆေးမှုတိုင်းတွင် နိုင်ငံများကခန့်အပ်သော အသိအမှတ်ပြု ကိုယ်စားလှယ်များနှင့် အကြံပေးပုဂ္ဂိုလ်များလည်းပါဝင်နိုင်သည်။

၂၆။ ချီကာဂိုကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ-၁၃ အရ လေယာဉ်မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးဌာနက ပြုလုပ်သောစုံစမ်းမှုတိုင်းတွင် မတော်တဆထိခိုက်မှု၌ လူအသေအပျောက်များသော သို့မဟုတ် ဒဏ်ရာရရှိမှုများသောနိုင်ငံမှ ကျွမ်းကျင်သူခန့်အပ်နိုင်ခွင့်ရှိသည်။

၂၇။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနအနေဖြင့် ၎င်း၏စုံစမ်းစစ်ဆေးမှုများတွင် အထောက်အကူပြုစေရန် နည်းပညာဆိုင်ရာနှင့် ဘာသာရပ်ဆိုင်ရာ၌ အထူးကျွမ်းကျင်သော လူပုဂ္ဂိုလ်အား ယာယီခန့်အပ်နိုင်ခွင့်ရှိသည်။

၃၀။ နည်းဥပဒေ ၂၄ နှင့် ၂၅ တို့အရခန့်အပ်ထားသောသူသည် လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနမှ ပြုလုပ်သော စုံစမ်းစစ်ဆေးမှုများတွင် ဥပဒေအရတားမြစ်မှုများမရှိလျှင် နောက်ဆက်တွဲ- ၁၃တွင် ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများအတိုင်း အခွင့်အရေးများကိုရမည်။

၃၁။ ဌာနအကြီးအကဲ၏ ခွင့်ပြုချက်မရှိပါက လေ့လာသူ သို့မဟုတ် ပါဝင်ဆောင်ရွက်သူတို့သည် သက်သေများအား တွေ့ဆုံမေးမြန်းခွင့်မရှိစေရ။

၃၂။ နည်းဥပဒေ ၁၅ အပိုဒ်ခွဲ(င)အရ၊ လေယာဉ်၏အစိတ်အပိုင်းတစ်ခုကို စမ်းသပ်စစ်ဆေးမှု ပြုလုပ်ရာနေရာကို ကြည့်ရှုလေ့လာသူများသည်-

(က) စမ်းသပ်စစ်ဆေးမှုမပြုလုပ်ခင် သို့မဟုတ် စမ်းသပ်စစ်ဆေးမှုပြုလုပ်ပြီးနောက် ထိုအစိတ်အပိုင်း၏ အခြေအနေကို မှတ်တမ်းတင်နိုင်သည်၊

(ခ) ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ နည်းပညာကျွမ်းကျင်သူများကို တက်ရောက် စေနိုင်သည်။

**လေယာဉ်မတော်တဆထိခိုက်မှု ဖြစ်ပွားသည့်နေရာ စသည်တို့ကို လုံခြုံအောင်ပြုလုပ်ခြင်း**

၃၃။ (က) မြန်မာနိုင်ငံအတွင်း လေယာဉ်မတော်တဆဖြစ်ပွားမှု ဖြစ်ပွားသောအခါ -

(၁) ဌာနအကြီးအကဲ သို့မဟုတ် တာဝန်ခံစုံစမ်းစစ်ဆေးရေးမှူး သို့မဟုတ် တရားဝင် ဝင်ရောက်ခွင့်ရှိသူမှလွဲ၍ အခြားသူများသည် မတော်တဆထိခိုက်မှု တွင် ပါဝင်သော လေယာဉ် သို့မဟုတ် ၎င်း၏ဆက်စပ်ပစ္စည်း သို့မဟုတ် မတော်တဆဖြစ်ပွားသည့်နေရာကို သွားရောက်ခွင့်၊ ကိုင်တွယ်ခွင့်မရှိ၊

(၂) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနမှ ဌာနအကြီးအကဲ သို့မဟုတ် တာဝန်ခံစုံစမ်းစစ်ဆေးရေးမှူးတို့၏ တရားဝင်ခွင့်ပြုချက်မှလွဲ၍ မည်သူမျှ လေယာဉ် သို့မဟုတ် လေယာဉ်၏ ပါဝင်ပစ္စည်းတို့ကိုရွှေ့ခြင်း၊ တားမြစ်ခြင်းမပြုလုပ်ရ၊

(ခ) နည်းဥပဒေခွဲ(က)ပါအချက်များသည်အောက်ပါအခြေအနေများနှင့်မသက်ဆိုင်စေရ-

(၁) မတော်တဆထိခိုက်မှုနေရာမှ လူ သို့မဟုတ် တိရစ္ဆာန်ဖယ်ရှားရန်လိုအပ်သော အခါ ၊

**စုံစမ်းစစ်ဆေးရေးမှုး၏ သက်သေခံချက်**

၃၅။ အပြစ်တင်ခြင်း၊ တာဝန်ရှိခြင်းနှင့် ပတ်သက်၍ ပြုလုပ်သောစီမံခန့်ခွဲရေးဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာ သို့မဟုတ် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာကိစ္စရပ်များတွင် စုံစမ်းစစ်ဆေးရေးမှုးများကို သက်သေထွက်ဆိုရန်အတွက် အတင်းအဓမ္မသက်သေမခေါ်ယူရ။

**စုံစမ်းစစ်ဆေးခြင်းကို ပြန်လည်ဖွင့်လှစ်ခြင်း**

၃၆။ စုံစမ်းစစ်ဆေးရေးပိတ်သိမ်းပြီးနောက် ထူးခြားသောအထောက်အထားအသစ် ပေါ်ထွက်လာလျှင် လေယာဉ်မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးဌာနမှ စုံစမ်းစစ်ဆေးရေးကို အသစ်ပြန်လည်စတင်နိုင်သည်။

## အခန်း (၆)

## သတင်းပို့ခြင်းနှင့် နောက်ဆုံးအစီရင်ခံစာ

**လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုအစီရင်ခံစာ**

၃၇။ လေယာဉ်မတော်တဆမှုဖြစ်ပါက လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်လုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် လေယာဉ်မှုး သို့မဟုတ် လေယာဉ်အမှုထမ်း သို့မဟုတ် လေဆိပ်လုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် လေကြောင်းထိန်း သို့မဟုတ် ထိုအကြောင်းအရာကိုသိသော မည်သူမဆို လေယာဉ်မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးဌာနသို့ အမြန်ဆုံးနည်းဖြင့် အတတ်နိုင်ဆုံးသတင်းအပြည့်အစုံကိုပေးပို့ရမည်။

၃၈။ မြန်မာနိုင်ငံ၌ လေယာဉ်မတော်တဆမှုဖြစ်ပွားပါက သတင်းရပြီးနောက် လေယာဉ်မှတ်ပုံတင်သည့်နိုင်ငံ၊ လေယာဉ်လုပ်ငန်းဆောင်ရွက်သည့်နိုင်ငံ၊ လေယာဉ်ဒီဇိုင်းပြုလုပ်ပေးသည့်နိုင်ငံ၊ လေယာဉ်ထုတ်လုပ်သည့်နိုင်ငံနှင့် လေယာဉ်သည် (၂၂၅၀) ကီလိုဂရမ်ကျော်ပါက အဖွဲ့ချုပ်သို့အမြန်ဆုံးနည်းဖြင့် သတင်းပေးပို့ရမည်။

**လေယာဉ်အမှုထမ်းများ၏ ထွက်ဆိုချက်များ**

၃၉။ ကြီးမားသော လေယာဉ်မတော်တဆထိခိုက်မှု သို့မဟုတ် ပြင်းထန်သောမတော်တဆဖြစ်ပွားမှုဖြစ်ပြီး၊ လေယာဉ်အမှုထမ်းများသည် ဖြစ်စဉ်နှင့်သက်ဆိုင်သောထွက်ဆိုချက်များကို လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသို့ အမြန်ဆုံးပေးပို့ရမည်။

**မိမိဆန္ဒအလျောက်သတင်းပို့ခြင်း**

၄၀။ လေယာဉ်မတော်တဆထိခိုက်မှုမှလွဲ၍ အခြားလေကြောင်းဘေးကင်းလုံခြုံရေးဆိုင်ရာများကို သိသောပုဂ္ဂိုလ်သည် လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသို့ မိမိဆန္ဒအလျောက် သတင်းပေးပို့နိုင်သည်။

၄၁။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသို့ မိမိဆန္ဒအလျောက်ပေးပို့သော သတင်းပို့သူသည် မည်သူမည်ဝါဖြစ်ကြောင်း ထိုသူ၏သဘောတူညီမှုကိုမရလျှင် မဖော်ထုတ်ရ။

၄၂။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသို့ မိမိဆန္ဒအလျောက်သတင်းပို့သော ပုဂ္ဂိုလ်အား၊ စည်းကမ်းထိန်းသိမ်းရေးအရ သို့မဟုတ် စီမံခန့်ခွဲရေးနည်းလမ်းအရ တရားစွဲဆိုမှုမပြု လုပ်ရ။ မိမိဆန္ဒအလျောက် သတင်းပို့သောစနစ်သည် အပြစ်ဒဏ်မသင့်စေရ။

၄၃။ မိမိဆန္ဒအလျောက်သတင်းပို့သူသည် မည်သူမည်ဝါဖြစ်ကြောင်းကို ကာကွယ်ပေးရာ၌၎င်း၏ ဥပဒေမဲ့ ဆောင်ရွက်ခြင်း သို့မဟုတ် ပေါ့ဆစွာဆောင်ရွက်ခြင်း သို့မဟုတ် သိလျက်နှင့် ဥပဒေကို ချိုးဖောက်ခြင်းစသည့်ကိစ္စရပ်များနှင့် မသက်ဆိုင်စေရ။

**အထူးကာကွယ်ထားသော သတင်းအချက်အလက်**

၄၄။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသည် လေယာဉ်မတော်တဆထိခိုက် ပျက်စီးမှုစုံစမ်းစစ်ဆေးသည့်ကိစ္စမှလွဲ၍ အောက်ဖော်ပြပါ မှတ်တမ်းများကိုလျှို့ဝှက်စွာထိန်းသိမ်း ထားရမည်-

(က) လေယာဉ်ဦးပိုင်း အသံဖမ်းစက်၊ ပုံရိပ်ဖမ်းစက်နှင့် ၎င်းတို့၏စာရေးထားသော မှတ်တမ်း၊

(ခ) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနမှ သိမ်းဆည်းထားသော မှတ်တမ်းများ-

(၁) လူပုဂ္ဂိုလ်များ၏ ထွက်ဆိုချက်များ၊

(၂) လေယာဉ်၏ ဆက်သွယ်ရေးနှင့်ဆိုင်သော ကဏ္ဍအားလုံး၊

(၃) မတော်တဆထိခိုက်မှုတွင်ပါသော ပုဂ္ဂိုလ်များ၏ဆေးမှတ်တမ်း သို့မဟုတ် ကိုယ်ရေးကိုယ်တာကိစ္စ၊

**စုံစမ်းစစ်ဆေးချက် နောက်ဆုံးအစီရင်ခံစာ**

၅၀။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနမှ အောက်ပါနေရာများသို့ နောက်ဆုံးအစီရင်ခံစာကို အမြန်ဆုံးပေးပို့ဖြန့်ဝေရမည်-

(က) သက်ဆိုင်သောဌာနများ၊

(ခ) မတော်တဆထိခိုက်မှုကို တိုက်ရိုက်စိတ်ဝင်စားသောနိုင်ငံများ သို့မဟုတ် အဖွဲ့ချုပ်၊

(ဂ) နိုင်ငံသားများ သေဆုံးခဲ့သော သို့မဟုတ် ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိမှုရှိသော စာချုပ်ဝင်နိုင်ငံများ၊

(ဃ) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာန၏ ထင်မြင်ယူဆချက်များအရ၊ မတော်တဆထိခိုက်မှုကို တိုက်ရိုက်စိတ်ဝင်စားသောအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များ၊

(င) မတော်တဆထိခိုက်မှု ကာကွယ်တားဆီးရေးအတွက် အများပြည်သူသိရန် အမြန်ဆုံး လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနမှ ဖော်ပြပေးခြင်း။

၅၁။ (က) အပြစ်ပေးရန် သို့မဟုတ် တာဝန်ရှိမှုနှင့်ဆိုင်သည့် တရားစွဲဆိုမှုများတွင်စုံစမ်းစစ်ဆေးချက် နောက်ဆုံးအစီရင်ခံစာကို သက်သေအထောက်အထားအဖြစ် အသုံးမပြုရ၊

(ခ) စုံစမ်းစစ်ဆေးချက် နောက်ဆုံးအစီရင်ခံစာပါတွေ့ရှိချက်၊ ဖြစ်ပွားရသောအကြောင်းအရင်း၊ သွယ်ဝိုက်ပတ်သက်သည့် အကြောင်းတို့ကို အပြစ်တင်ခြင်း သို့မဟုတ် တာဝန်ရှိခြင်းတို့အဖြစ် အဓိပ္ပာယ်မကောက်ယူရ၊

(ဂ) စုံစမ်းစစ်ဆေးချက် နောက်ဆုံးအစီရင်ခံစာပါ ဘေးကင်းလုံခြုံမှုထောက်ခံချက်များကို အပြစ်တင်ခြင်း သို့မဟုတ် တာဝန်ရှိခြင်းတို့အဖြစ် အဓိပ္ပာယ်မကောက်ယူရ။

**ဘေးကင်းလုံခြုံမှု ထောက်ခံချက်**

၅၂။ ကြီးမားသောမတော်တဆထိခိုက်မှု သို့မဟုတ် ပြင်းထန်သော မတော်တဆဖြစ်ပွားမှုအတွက် စုံစမ်းစစ်ဆေးရေး မည်သည့်အဆင့်တွင်မဆို၊ လေယာဉ်မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးဌာနသည် လေကြောင်းဘေးအန္တရာယ်ကင်းရှင်းမှုကိုမြှင့်တင်ရန် မတော်တဆထိခိုက်ပျက်စီးမှု သို့မဟုတ် ကြီးမားသောမတော်တဆထိခိုက်မှု သို့မဟုတ် ပြင်းထန်သောမတော်တဆဖြစ်ပွားမှု ကာကွယ်ရေးဆောင်ရွက်ချက်များအပါအဝင် အန္တရာယ်ကင်းရှင်းရေး အကြံပြုထောက်ခံချက်ကို သင့်လျော်သောအဖွဲ့အစည်းသို့ပေးပို့ရမည်။

၅၃။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသည် ၎င်း၏ စုံစမ်းစစ်ဆေးရာမှ ပေါ်ထွက်လာသော ဘေးကင်းလုံခြုံမှုထောက်ခံချက် တစ်ရပ်ရပ်ကို လိုအပ်ပါကအခြားသက်ဆိုင်သည့် စာချုပ်ဝင်နိုင်ငံ(များ) ၏ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသို့ ဆက်သွယ်ရန် သတ်မှတ်ထားသည့် လမ်းကြောင်းဖြင့်အကြောင်းကြားရမည်။ ထို့အပြင် အဖွဲ့ချုပ်၏ မှတ်တမ်းများနှင့် အကျုံးဝင်ပါက အဖွဲ့ချုပ်သို့ အကြောင်းကြားရမည်။

**အခန်း(၇)**

**အထွေထွေ**

**သက်သေပြဆိုရန်တာဝန်**

၅၄။ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် ဆန့်ကျင်လျှင် သက်သေထွက်ဆိုရန်တာဝန်ရှိရမည်။

**အကျိုးသက်ဆိုင်မှု ဆန့်ကျင်ခြင်း**

၅၅။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသည် လုပ်ငန်းတာဝန်များကို လွတ်လပ်စွာဆောင်ရွက်နိုင်ရန်နှင့် စုံစမ်းစစ်ဆေးမှုကို ယုံကြည်မှုရစေရန် ထိုအာဏာပိုင်နှင့်၎င်း၏ အဖွဲ့ဝင်များသည်အမှန်တကယ် သို့မဟုတ် ဖြစ်တန်ရာရှိသော စိတ်ဝင်စားမှုကွဲလွဲခြင်းကို ရှောင်ကြဉ်ရမည်။

၅၆။ ဤနည်းဥပဒေများ၏ နောက်ဆက်တွဲ ဇယား-၂ ပါ နည်းဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ် ဖောက်ဖျက်သူမည်သူမဆို ဥပဒေပုဒ်မ ၁၀ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၅၇။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေ၊ နည်းဥပဒေများအရ ထုတ်ပြန်ခဲ့သောအမိန့်၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများသည် ဤနည်းဥပဒေနှင့် မဆန့်ကျင်သ၍ ဆက်လက်ကျင့်သုံးနိုင်သည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

**ဇယား(၁)**

**အခန်း(၄)**

**မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးခြင်း**

**စတင်အကြောင်းကြားရာတွင် ပါဝင်ရမည့်အကြောင်းအရာများ**

၁။ နောက်ဆက်တွဲ- ၁၃ ၏ သီးခြားသတ်မှတ်ချက်အရ စတင်အကြောင်းကြားရာတွင် ပါဝင်ရမည့် အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်။ သို့သော် အကြောင်းအရာများမပြည့်စုံမှုကြောင့် အကြောင်းကြားမှု နှောင့်နှေးခြင်းမရှိစေရ-

(က) ကြီးမားသောမတော်တဆထိခိုက်မှုကို ACCID ၊ ပြင်းထန်သောမတော်တဆဖြစ်ပွားမှုကို INCID ဟုရေးရန်၊

(ခ) လေယာဉ်အမျိုးအစား၊ ထုတ်လုပ်သူ၊ မော်ဒယ်လ်၊ နံပါတ်၊ နိုင်ငံ၊ လေယာဉ်မှတ်ပုံတင်အမှတ်၊

(ဂ) ပိုင်ရှင်အမည်၊ လုပ်ငန်းဆောင်ရွက်သူအမည်၊ ငှားရမ်းသူအမည်၊

(ဃ) လေယာဉ်မှူး၏အရည်အချင်း၊ ခရီးသည်နှင့် လေယာဉ်အမှုထမ်းတို့၏ နိုင်ငံသားဖြစ်မှု၊

(င) မတော်တဆထိခိုက်ပျက်စီးမှု သို့မဟုတ် ပြင်းထန်သော မတော်တဆဖြစ်ပွားမှုဖြစ်သည့် အချိန်၊ နေ့ရက်၊

(စ) နောက်ဆုံးထွက်ခွာသည့်နေရာ၊ နေ့ရက်အချိန်၊ နောက်ထပ်ဆင်းရန်လျာထားသည့်နေရာ၊

(ဆ) လေယာဉ်တည်ရှိသည့်နေရာ (လတ္တီတွဒ်၊ လောင်ဂျီတွဒ်)၊

(ဇ) ခရီးသည်နှင့် လေယာဉ်အမှုထမ်းအရေအတွက် (သေဆုံး၊ ဒဏ်ရာရ)၊

(ဈ) မတော်တဆထိခိုက်ပျက်စီးမှု သို့မဟုတ် ပြင်းထန်သော မတော်တဆဖြစ်ပွားမှုဖြစ်ပျက်ပုံဖော်ပြချက်၊ လေယာဉ်ပျက်စီးမှုအခြေအနေ၊

(ည) လေယာဉ်မတော်တဆဖြစ်ပွားသောနိုင်ငံက ဆောင်ရွက်မည့်အခြေအနေ သို့မဟုတ် ၎င်းနိုင်ငံက စုံစမ်းစစ်ဆေးမှုကို လွှဲအပ်မည့် အဆိုပြုသည့်အခြေအနေ၊

